# အခွန်အကြောင်းမိတ်ဆက်

## ပြည်သူပိုင်ကုန်စည်များနှင့် အရှောင်လိုက်ပြဿနာ

ပြည်သူပိုင်ကုန်စည်များ (public goods) သည် ပုဂ္ဂလိကပိုင်ကုန်စည်များ (private goods) နှင့် မတူသည်မှာ ပြည်သူပိုင်ကုန်စည်များ၏ အကျိုးကျေးဇူးကို လူတိုင်းကတစ်ချိန်တည်း တစ်ပြိုင်တည်း ရရှိပါတယ်။ တစ်စုံတစ်ဦးကရတဲ့ အကျိုးအမြတ်ဟာ အခြားတစ်ယောက်အတွက် အကျိုးအမြတ်ကို မလျော့ပါးစေပါဘူး။ ဥပမာ - နိုင်ငံတော်ကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည်တို့သည် ပြည်သူပိုင်ကုန်စည်များဖြစ်ကြသည်။ ထိုပြည်သူပိုင်ကုန်စည်များကို အခကြေးငွေကောက်ခံပြီး ဆောင်ရွက်ကြမည်ဆိုပါစို့။ ထိုကုန်ပစ္စည်း (သို့) ဝန်ဆောင်မှုများ(ဥပမာ နိုင်ငံတော်ကာကွယ်ရေး) ကိုထောက်ပံ့လိုက်သည်နှင့် တစ်ပြိုင်နက် လူတိုင်းအကျိုးခံစားရမှာ ဖြစ်ပါသည်။ ထိုကုန်စည်၏ အကျိုးကျေးဇူးကိုကွက်ပြီး မခံစားရအောင် မည်သူတစ်ဦး တစ်ယောက်ကိုမှ ဆောင်ရွက်၍မရပေ။ အခကြေးငွေမပေးလည်း အကျိုးကျေးဇူးရရှိမည် ဖြစ်သည့်အတွက် အခကြေးငွေမပေးဘဲ အရှောင်လိုက်သည့်ပြဿနာ (Free rider problem) ပေါ်ပေါက်လာပါသည်။ ထို့ကြောင့် ပြည်သူပိုင်ကုန်စည်များ အကောင်ထည်ဖော်ထောက်ပံ့ပေးဖို့ရန် အခကြေးငွေအစား မဖြစ်မနေပေးရသည့် အခွန်စနစ်ကို ကျင့်သုံးရပါသည်။ သို့မှသာလျင် အများပြည်သူအားလုံး အကျိုးများစေမည့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို နိုင်ငံတော်အစိုးရမှ လောက်ငှစွာ ထောက်ပံ့ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## အခွန်အမျိုးအစားများ

အစိုးအရအမျိုးမျိုးသည် အခွန်အမျိုးမျိုးကောက်ခံလျက်ရှိကြသည်။ ယေဘူယျအားဖြင့် အခွန်ကို အမျိုးအစား နှစ်ရပ်ခွဲခြားနိုင်သည်။ ပထမအမျိုးအစားမှာ လူပုဂ္ဂိုလ်များ နှင့် ကုမ္ပဏီများကို ကောက်ခံသော တိုက်ရိုက်အခွန်များ (Direct Taxes) (ဥပမာ - ဝင်ငွေခွန်) ဖြစ်ပြီး ဒုတိယအမျိုးအစားမှာ ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် ကောက်ခံသော တွယ်ဝိုက်အခွန်များ (Indirect Taxes) (ဥပမာ - ကုန်သွယ်လုပ်ငန်း ခွန်/အရောင်းခွန်) များဖြစ်ကြပါသည်။

<u>ကောင်းမွန်သောအခွန်စနစ်၏ လက္ခဏာ (၅) ရပ်</u>

နိုင်ငံတကာရှိ အစိုးရအဖွဲ့အစည်းအသီးသီးသည် ယင်းတို့လိုအပ်သည့် ဘဏ္ဍာငွေများကို အထိရောက်ဆုံးနှင့် အကောင်းဆုံးမည်သို့ရှာဖွေရမည်ကို သုံးသပ်စဉ်းစားကြရာ အောက်ပါအချက်များနှင့် ပြည့်စုံသည့် အခွန်စနစ်တစ်ရပ်ရှိရမည်ကို ယေဘူယျအားဖြင့် လက်ခံကြပါသည်။

(က) စီးပွားရေးအရ အလေအလွင့်မရှိ ထိရောက်မှု(စွမ်းဆောင်ရည်ပြည့်ဝကောင်းမွန်ခြင်း) (Economic Efficiency) - အခွန်စနစ်တစ်ရပ်သည် သွင်းအားစုအရင်းအမြစ်များ ထိရောက်စွာ ခွဲဝေပေးနေမှုကို မသက် ရောက်စေသင့်ပေ။

(ခ) စီမံခန့်ခွဲရာတွင် ရိုးရှင်းလွယ်ကူခြင်း (Administrative Simplicity) - အခွန်စနစ်တစ်ရပ်သည် လွယ်ကူရိုးရှင်းပြီး ကုန်ကျစရိတ်သက်သာစွာ အကောင်ထည်ဖော် စီမံနိုင်သည့် စနစ်ဖြစ်ရမည်။ ကောင်းမွန်သည့် အခွန်စနစ်များသည် အခွန်ထမ်းပြည်သူများမှ မိမိဘာသာ လိုက်နာဆောင်ရွက်ကြသည့် ဓလေ့အပေါ်တွင် မှီတည်လျက်ရှိကြသည်။ ထို့ကြောင့် လွယ်လွယ်ကူကူနှင့် စိတ်ပါလက်ပါ လိုက်နာဆောင်ရွက်နိုင်မည့် အခွန်စနစ်တစ်ရပ်ဖြစ်ရပေမည်။

(ဂ) လိုချင်သောအနေအထားကို ပြောင်းရန်လွယ်ကူခြင်း (Flexibility) - အခွန်စနစ်တစ်ရပ်သည် စီးပွားရေး အခြေအနေများပြောင်းလဲမှုအပေါ်တွင်မူတည်ပြီး ပြောင်းလဲပြင်လွယ်ဖြစ်ရပေမည်။

(ဃ) လူထုလိုအပ်ချက်နှင့် ကိုက်ညီအောင် အရေးယူတုံ့ပြန် ဆောင်ရွက်နိုင်မှုရှိခြင်း (Political responsiveness) - အခွန်ထမ်းပြည်သူများမှ ယင်းတို့ပေးလိုက်သည့်အခွန်ငွေများကို မည်သည့်နေရာများ တွင် သုံးစွဲနေသည်ကို သိရှိနိုင်ပြီး

အစိုးရမှ အခွန်ထမ်းပြည်သူများ၏ လိုလားချက်နှင့် လိုအပ်ချက်များကို မည်၍မည်မျှ ဖြည့်ဆည်းပေးနေသည်ကို ပွင့်လင်းမြင်သာစွာ သိရှိနိုင်သည့် အခွန်စနစ်တစ်ရပ်ဖြစ်ရမည်။

(c) တရားမျှတမှုရှိခြင်း (Fairness) - အခွန်စနစ်တစ်ရပ်၏ အခွန်ထမ်းပြည်သူများ အပေါ်ကြရောက်သည့် အခွန်ဝန်ထုပ်ဝန်ပိုးများသည် တရားမျှတမှုရှိရပါမည်။ စီးပွားရေးအခြေအနေတူညီသူများကို တစ်ပြေးညီ သတ်မှတ်ကောက်ခံပြီး အခွန်ဝန်ထုပ်ဝန်ပိုး ပိုမိုထမ်းဆောင်နိုင်များကို နှုန်းထားတိုးမြင့်ကောက်ခံရပါမည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အထူးထပ်မံစဉ်းစားရမည့် နောက်ထပ်အချက်တစ်ချက်မှာ အခွန်စနစ်တစ်ရပ်သည် အဂတိလိုက်စားမှုဒဏ်ကို တွန်းလှန်နိုင်ရမည်ဖြစ်သည်။ ဥပမာ ကုန်စည်အမျိုးအစားတစ်ခုချင်းစီအား (ဥပမာ လူစီးကားနှင့် ကုန်တင်ကား) မတူညီသည့်နှုန်း ထားအမျိုးမျိုးဖြင့် အခွန်ကောက်ခံခြင်းသည် အဂတိလိုက်စားမှု ပေါ်ပေါက်စေနိုင်ပါ သည်။ အခွန်ကောက်ခံသည့် ကုန်စည်ပစ္စည်းသည် သိသာထင်ရှားပြီး မျက်မြင်တွေ့နိုင်ပြီး တတိယအဖွဲ့အစည်းတစ်ခုခုမှ အတည်ပြုပေးနိုင်သော အရာများဖြစ်လျှင် ယင်းအခွန်စနစ်သည်အဂတိလိုက်စားလိုက်မှုများဖြစ်ပေါ်မှုနည်းနိုင်ပေသည်။

### အခွန်မူဝါဒများမှ စီးပွားရေးအပေါ်သက်ရောက်နိုင်မှု

လုပ်သားအင်အားနှင့် ငွေကြေးစုဆောင်းမှု ရွေးချယ်ဆုံးဖြတ်ချက်များအပါအဝင် ဈေးကွက်အားလုံးတွင် အခွန်မူဝါဒ များသည် သက်ရောက်မှု ရှိပါသည်။ ထို့အပြင် အခွန်မူဝါဒများသည် ဘဏ္ဍာရေးနှင့် လုပ်ငန်းများ၏ ဖွဲ့စည်းတည် ဆောက်ပုံများတွင်လည်း အကျိုးသက်ရောက်မှုများ ရှိပါသည်။ ပုံသေပမာဏဖြင့် တစ်ပေါင်း တည်းပေးရသော အခွန် များမှလွဲ၍ အခွန်အားလုံးသည် ထိုကဲ့သို့အခွန်ထမ်းပြည်သူများ၏ နေ့စဉ်အပြုအမူများမှအစ စီးပွားရေးလုပ်ငန်းများ၏ ဖွဲ့စည်းဆောင်ရွက်ပုံ အဆုံးသက်ရောက်မှုရှိပေသည်။

### သာတူညီမျှသည့် အခွန်စနစ်

တရားမျှတမှုရှိသည့် အခွန်စနစ်တစ်ရပ်ကိုဖော်ဆောင်ဖို့ရန်အတွက် တရားမျှတခြင်းဆိုသည့် သဘောတရားကို ဆန်းစစ် ဖို့ရန်လိုအပ်ပေသည်။ ယေဘူယျအားဖြင့် တရားမျှတမှု၏ အဓိကသွင်ပြင်လက္ခဏာ နှစ်ရပ်မှာ (အုပ်စု လိုက်) တပြေးညီ မျှတမှု horizontal equity နှင့် အချိုးကျ မျှတမှု vertical equity တို့ဖြစ်သည်။ တပြေးညီမျှတမှု သဘောတရားအရ တစ်ထေရာတည်းတူညီသော (အထူးသဖြင့် စီးပွားရေး အခြေအနေ တူညီသော) သူတစ်ဦးချင်းစီအား တူညီစွာအခွန် ကောက်ခံရပေမည်။ တပြေးညီမျှတမှု စနစ်ကိုကျင့်သုံးရာတွင် အရေးကြီးသည့် အချက်မှာ (တစ်ထပ်တည်းတူညီသည့် လူများအား အုပ်စုဖွဲ့ရာတွင် မည့်ကဲ့သို့သော (အခွန် စည်းကြပ်ရန်အတွက်) စံနှုန်းများအသုံးပြုပြီး ခွဲခြားသတ်မှတ် မည်ကို စဉ်းစားရပေမည်။ အချိုးကျမျှတမှု သဘောတရားအရ အခွန်ပိုမိုထမ်းဆောင်နိုင်သူ တနည်းအားဖြင့် ပိုမို ချမ်းသာသောသူများ (သို့မဟုတ်) အစိုးရ၏ဝန်ဆောင်မှုများမှ ပိုမိုအကျိုးမြတ်ရရှိသူများမှ အခွန်ပိုမိုပေးဆောင် ရပေမည်။ အချိုးကျမျှတမှု စနစ်ကို ကျင့်သုံးရာတွင် စဉ်းစားရမည့်အချက်မှာ အခွန်ပေးဆောင်နိုင်စွမ်း (သို့) အစိုးရဝန် ဆောင်မှုများမှ အကျိုးမြတ်ရရှိမှု စသည်တို့ကို မည်သို့သတ်မှတ်တွက်ချက်ကြမည်ကို စဉ်းစားရပေမည်။ စီးပွားရေးအရ ပြည့်စုံမှုနှင့် ငွေပေးချေနိုင်မှု အခြေအနေတို့အား ယေဘူယျအားဖြင့် ဝင်ငွေပမာဏဖြင့် တိုင်းတာလေ့ရှိသော်လည်း၊ ယင်းတိုင်းတာချက်မှာလည်း အားနည်းချက်ရှိသည်။ အချို့က ဝယ်ယူသုံးစွဲမှု အပေါ်တိုင်းတာခြင်းမှာ ပိုကောင်းသော တိုင်းတာမှုအခြေခံစနစ်ဟု ပြောကြသည်။ ဘဝသက်တမ်းတစ်လျှောက်တွင် ဝယ်ယူ သုံးစွဲမှုကို အခွန်ကောက်ခံခြင်းသည် ဘဝသက်တမ်း တစ်လျှောက်တွင် ရရှိသော ဝင်ငွေအပေါ် အခွန်ကောက်ခံခြင်းနှင့် အတူတူပင်ဖြစ်သည်။ နှစ်မျိုးစလုံးမှာ နှစ်စဉ်ဝင်ငွေအပေါ်အခွန်ကောက်ခံခြင်းထက် သာလွန်သည် ဟုဆိုနိုင်သည်။ အဓိကမေးခွန်းထုတ်ရန်မှာ မည်သည့်ခြား နားချက်များအား ထည့်သွင်းစဉ်းစား သင့်သည်ဟူသော အပေါ်တွင်ဖြစ်သည်။ ဥပမာ - ကျန်းမာရေး၊ အိမ်ထောင်ရှိမရှိ (သို့မဟုတ်) သားသမီးဦးရေ စသည့် ခြားနားချက်များ။